# ဥပေက္ခာတရားနဲ့ ဥပေက္ခာ အမှား

**အရှင်ဥာဏိက**

စစ်အစိုးရက သံဃာတော်တွေကို သတင်းစာများ၊ ရေဒီယိုများကနေ စွပ်စွဲပုတ်ခတ်နေတာကို အလွန်စိတ်မချမ်းမသာဖြစ်ရတဲ့ အကြောင်းနဲ့ ရဟန်းတော်တွေကို အာဏာနဲ့ သက်နိုးဝတ်ချွတ်ခိုင်းလျင် လူဖြစ်သွားပါသလားဆိုတဲ့ အကြောင်း ဒကာက ဆရာတော်တစ်ပါးကို လျှောက်ထားမေးမြန်းပါတယ်။ ဘုန်းကြီး မဖြေပရစေနဲ့။ နိုင်ငံရေးကနေ ဝေးဝေးပဲ နေပရစေ၊ ဘုန်းကြီးက သူတို့ကို ဥပေက္ခာပြုထားတယ်လို့ မိန့်သတဲ့။ ၄င်းဆရာတော်ရဲ့အဖြေကို အားမရလို့ဆိုပြီး စာရေးသူကို မေးပြန်ပါတယ်။ အောက်မှာရေးထားတဲ့အတိုင်း ဖြေလိုက်တယ်။ ဒကာသဘောကျဖြစ်သွားအောင် ဖြေခဲ့တာတော့ မဟုတ်ပါဘူး။

ဥပေက္ခာဆိုတာ မျှတမှုသဘောဖြစ်တယ်။ ဘက်လိုက်မှု သဘောမရှိဘူး။ ဖြစ်ပျက်မှု သဘောတရားတွေကိုလည်း ဖြစ်ပျက်တဲ့အတိုင်း၊ ရှိတဲ့အတိုင်း မယိမ်းမယိုင် လက်သင့်ခံမှု သဘောဖြစ်တယ်။ မဆိုင်သလိုနေမှု မဟုတ်ဘူး။ တကယ့်လက်ရှိ ဖြစ်ပျက်နေမှုတွေကို ငြင်းဆန်မှုလည်း မဟုတ်ဘူး။ ဥပေက္ခာ စစ်စစ်ဆိုတာ ကောင်းတဲ့အရာကို ကောင်းတယ်လို့ လက်ခံတယ်။ သို့ပေမယ့် သာယာကျေနပ်မှုသဘော မရှိဘူး။ မကောင်းတာကိုလည်း မကောင်းတဲ့အရာလို့ အမှန်အတိုင်း အသိအမှတ်ပြုတယ်။သို့ပေမယ့် အလိုမကျမှု၊ စိတ်ဆင်းရဲမှုသဘော မဖြစ်ဘူး။ ဒါကြောင့် ကိုယ့်ရဲ့ တာဝန်ခံလိုမှုကင်းတဲ့ စိတ်ဓာတ်မျိုး၊ တကယ့်အရှိသဘောကနေ ရှောင်ပြေးလိုစိတ်မျိုးကို လွယ်လွယ်ကူကူ ဥပေက္ခာသဘောတရားလို့ မမှတ်ထင်သင့်ဘူး။




နောက်ပြီးလည်း အကြောက်တရားကို ဥပေက္ခာဆိုတဲ့စကားလုံးနဲ့ အစားမထိုးသင့်ဘူး၊ တာဝန်ယူလိုမှု ကင်းတဲ့စိတ်ကိုလည်း အေးအေးဆေးဆေးနေတတ်သူ တစ်ဦးအနေ မလှည့်စားသင့်ဘူး။ ပညာရှိဆိုတာ မပြောသင့်တဲ့အရာမှာ နှုတ်ဆိတ် နေတတ်ပေမယ့် ပြောစရာရှိလျင် မိုးသီးမိုးသောက်ပမာ ပြောတတ်တယ်။ ပြောရာမှာလည်း ကြောက်ရွံ့ထိတ်လန့် မနေပဲ ခြင်္သေ့မင်းပမာ ရဲရင့်ပြတ်သားတယ်။ ခု ဗမာပြည်မှာဖြစ်နေတဲ့အနေအထားက ရဟန်းတော်များအနေနဲ့ ဘယ်လိုအကြောင်းကြောင့်မှ နှုတ်ဆိတ်နေရမည့်အနေ မဟုတ်ဘူး။ နိုင်ငံရေးဆိုတာကို ကျဉ်းမြောင်းတဲ့စိတ်ဓာတ်နဲ့ နားလည်လက်ခံပြီး အစိုးရ မဟုတ်တာလုပ်တာကို ထောက်ပြဝေဘန်သူကိုမှ နိုင်ငံရေးလုပ်သူလို့ မမှတ်ယူသင့်ဘူး။ မကောင်းတာကို မကောင်းဘူးပြောသူနဲ့ ကောင်းတဲ့အရာကို ကောင်းတယ်လို့ပြောတာဟာ အတူတူပဲဖြစ်တယ်။ အဲမကောင်းတာကို မကောင်းမှန်းသိလျက် ကိုယ့်ကျိုးအတွက်ကြည့်ပြီး ကောင်းတယ်လို့ပြောသူကသာ ယုတ်ညံ့တဲ့ နိုင်ငံရေးလုပ်သူဖြစ်တယ်။ မကောင်းမှန်းသိလျက် ကပ်ရပ်ပေါင်းစားနေသူများ၊ အခွင့်အရေးယူနေသူများသာ အောက်ကျတဲ့ နိုင်ငံရေး လုပ်စားနေသူများဖြစ်တယ်။ ခုလောက် စော်ကားမော်ကား ဖျက်လိုဖျက်ဆီးလုပ်တာကိုမှ အမှန်အတိုင်း ထုတ်ဖော်ဖို့ မဝန့်ဘူးဆိုလျင်၊ ကာကွယ်တားဆီးမှု မရှိဘူးဆိုလျင် သာသနာပြုတယ်၊ သာသနာ့တာဝန် ထမ်းဆောင်နေကြတယ်ဆိုတာ ဘာကိုလုပ်နေကြတာလဲ၊ ဘာအတွက်လုပ်နေကြတာလဲလို့ မေးခွန်းထုတ်စရာဖြစ်လိမ့်မယ်။

နိုင်ငံရေးဆိုတာကို ကိုယ်လိုသလို အဓိပ္ပါယ်ဖွင့်ပြီး ရဟန်းတော်တွေအနေနဲ့ နိုင်ငံရေးနဲ့ ဝေးဝေးမှာ နေသင့်တယ်လို့ ဆင်ခြေပေးလျှင်ပေးလို့ရတယ်။ သို့ပေမယ့် ခုဖြစ်နေတဲ့အနေအထားက နိုင်ငံရေးသက်သက်မဟုတ်ဘူး။ လူမျိုးရေး သက်သက်လည်း မဟုတ်ဘူး။ ဘာသာ သာသနာကိုပါ စော်ကားလာတဲ့ လုပ်ရပ်ဖြစ်တယ်။ ယဉ်ကျေးတဲ့ လူအဖွဲ့ အစည်းကလက်ခံထားတဲ့ လူ့ယဉ်ကျေးမှုစံတစ်ခုကိုပါ ဖျက်ဆီးတဲ့လုပ်ရပ်ဖြစ်တယ်။ ချက်ဖော်ပြီး မလုံမခြုံဝတ်စား ဆင်ယင်တဲ့သူငယ်မတွေကို ယဉ်ကျေးမှု မထိမ်းသိမ်းသူရယ်လို့ အလွယ်တကူ အမည်တတ်လိုက်တာထက် ကိုယ့်မှာ ရှိနေနှင့်ပြီးသား ဘာသာတရားရဲ့ အလှစံနှုန်းတွေကို ဖျက်ဆီးပစ်လိုက်တာက ပိုပြီးအွန္တရာယ်ကြီးတယ်။ ယဉ်ကျေး မှုကို ပိုပြီးဖျက်ဆီးရာရောက်တယ်။

ရဟန်းစစ် ရဟန်းမှန်တွေကို ရဟန်းတုတွေလို့ စွပ်စွဲတာဟာ သာမန်ကြည့်ရင် ပုဂ္ဂိုလ်ကိုစွပ်စွဲတာလို့ ထင်စရာရှိ တယ်။ တကယ်တော့ ရဟန်းစစ်စစ်တစ်ပါးကို ရဟန်းတုလို့ စွပ်စွဲလိုက်တာဟာ ဘုရားရှင်ကိုပါ စွပ်စွဲပုတ်ခတ်လိုက် ခြင်းဖြစ်တယ်။ ရဟန်းတော်တွေဆိုတာ ဘုရားရှင်ပညတ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းနည်းလမ်းများနဲ့အညီ မြင့် မြတ်တဲ့ ရဟန်းအဖြစ်ကို ရောက်ရှိလာသူများဖြစ်တယ်။ ရဟန်းတော်ကိုယ်တိုင် စိတ်ပါလက်ပါ သိက္ခာချမှ၊ ရဟန်း အဖြစ်ကို စွန့်လွှတ်လိုစိတ်ရှိမှ သိက္ခာကျတယ်။ ရဟန်းတော်များအနေနဲ့ ရဟန်းအဖြစ်ကနေ ပျက်ယွင်းစေနိုင်တဲ့ ပါ ရာဇိကခေါ် သိက္ခာပုဒ်တစ်ခုခု မလွန်ကျူးသမျှ ရဟန်းစစ်စစ်တွေပဲဖြစ်တယ်။ တကယ်လို့ ပါရာဇိကအောက် နိမ့်တဲ့ သိက္ခာပုဒ်တစ်ခုခုကို ကျူးလွန်ခဲ့လျှင်တောင်မှပဲ ဘယ်လိုမှ ရဟန်းတုတွေရယ်လို့ စွပ်စွဲလို့ မရဘူး။ ဘယ်သူ တစ်ဦး တစ်ယောက်မှလည်း ဗုဒ္ဓပညတ်ထားတဲ့ ရှိနေပြီးသိက္ခာပုဒ်တစ်ခုကို ကိုယ့်သဘောနဲ့ကိုယ် ပြင်ဆင်ခွင့် မရှိဘူး။ နှုတ် ပယ်ခွင့် မရှိဘူး။ ထည့်စွက်ခွင့်လည်း မရှိဘူး။ ဒါကြောင့် ကွပ်ညပ်လို နှိပ်ကွပ်လိုတဲ့စိတ်ထားတဲ့ အသစ်ထုတ်ပြန် လိုက်တဲ့ နိုင်ငံတော်သံဃမဟာနာယကရဲ့ (စစ်ဗိုလ်အလိုကျ) ဥပဒေတွေကို ကျူးလွန်လို့လည်း ရဟန်းတော်တွေကို ရဟန်းတုလို့ မဆိုနိုင်ဘူး။ ဆိုခွင့်လည်း မရှိဘူး။ ဘာမဟုတ်တဲ့ ထမိကြားက စစ်ဗိုလ်တွေ ထုတ်တဲ့ဥပဒေသတွေ၊ လူ ပြန်တော်တွေ ထုတ်တဲ့ဥပဒေသတွေအတွက်တော့ ထည့်သွင်းစဉ်းစားနေဖို့ကို မလိုဘူး။ ရိုင်းစိုင်းတဲ့စိတ်ထား၊ ယုတ် မာတဲ့အကြံအစည်၊ ကောင်ကျစ်တဲ့ အတွေးအခေါ်၊ အောက်ကျတဲ့အပြုအမူများကြောင့် စွပ်စွဲပုတ်ခတ်မယ်ဆိုလျှင် တော့လည်း အဲဒီ ငမိုက်သားတွေအတွက်တော့ သူတို့ပြုတဲ့ကံကပဲ သူတို့ကို စီမံသွားပါလိမ့်မယ်။

သေချာတာကတော့ ရဟန်းစစ်စစ်တွေကို ရဟန်းတုတွေပါလို့ စွပ်စွဲပြောဆိုခြင်းဟာ မြတ်စွာဘုရားရဲ့ အာဏာ တော်ကို ရှုတ်ချကဲ့ရဲ့ခြင်းသာဖြစ်တယ်။ တမင်သက်သက် သံဃာတော်တွေကို စွပ်စွဲပုတ်ခတ်ခြင်းသာဖြစ်တယ်။ သာ သနာတော်ကို ထောက်ပံ့ ကိုးကွယ်နေသူတွေရဲ့ သဒ္ဓါတရားကို ဖျက်ဆီးဖို့သာဖြစ်တယ်။ စွပ်စွဲပုတ်ခတ်ဖျက်ဆီးတဲ့ ဒီပုဂ္ဂိုလ်တွေရဲ့ သွားရာလမ်းဟာ ငရဲမှတစ်ပါး တခြားမရှိနိုင်ဘူး။ ဒီလူယုတ်တွေအနေနဲ့ နောင်တမလွန်မှသာ အတိ ဒုက္ခရောက်ကြရမှာ မဟုတ်ဘူး။ ခုပစ္စုပ္ပန် မသေမီမှာပင် တစ်နည်းနည်းနှင့်တော့ သူတို့ပြုလုပ်တဲ့ အကုသိုလ်ကံရဲ့ အကျိုးဆက်ကို ကေန်မုချ ဆက်ဆက် ခံစားရမှာဖြစ်တယ်။ သာသနာတော်ကို ဖျက်ဆီးသူတွေရဲ့ အပေါင်းအပါ များလည်း မကောင်းတဲ့ဘေးဆိုးတွေကို မျှဝေခံစားကြရလိမ့်မယ်။

ဒီတော့ ဒကာ စိတ်ပျက်မနေနဲ့။ လုပ်သင့်လုပ်ထိုက်တဲ့ ကုသိုလ်ဖြစ်ဖွယ် အလုပ်တွေကို ဆက်လက်ပြီးသာ လုပ်ပါလို့ ဒကာကို ပြောလိုက်တယ်။